စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၃/ ၂၀၂၄)	၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၂၅) ရက်

| ၂၅ - ၁ - ၂၀၂၄ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၂၈၈.၄ |
| စင်္ကာပူဒေါ်လာ | ၁,၅၆၇.၃ |
| စတာလင်ပေါင် | ၂,၆၇၃.၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၂၂.၁ |
| တရုတ်ယွမ် | ၂၉၂.၈၄ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၆၄ |
| အိန္ဒိယရူပီး | ၂၅.၂၇၀ |
| ကိုရီးယားဝမ် (၁၀၀) | ၁၅၆.၉၉ |
| မလေးရှား ရင်းဂစ် | ၄၄၃.၈၃ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၁၄၈ |
| ထိုင်းဘတ် | ၅၈.၇၄၁ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၅၃၂၂ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဆန်တင်ပို့မှု စံချိန်သစ်တင်

➢ ကုန်သွယ်မှုဆိုင်ရာကုထုံးများသည် ပြည်တွင်း သကြားလုပ်ငန်းကဏ္ဍကို အကာအကွယ်ဖြစ်စေ

➢ ၂၀၂၃ ခုနှစ်အတွင်း ဗီယက်နမ်၏ ကော်ဖီတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံနီးပါး ရောက်ရှိ

➢ အိန္ဒိယတွင် အစိုးရမှ အီသနောထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်လာသဖြင့် ပြောင်းဈေး 20% မြင့်တက်

➢ အိန္ဒိယနိုင်ငံသည် လာမည့်နှစ်တွင် အစားအစာနှင့် ဓာတ်မြေဩဇာထောက်ပံ့မှု အတွက် ရူပီး 4 ထရီလီယံ သုံးစွဲမည်

➢ အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ဇန်နဝါရီ ၁၅ ရက်အထိ ၅.၂၈ ရာခိုင်နှုန်း ကျဆင်း

➢ ရုရှား Uralchem ကုမ္ပဏီအုပ်စုသည် တရုတ်နိုင်ငံသို့ ဓာတ်မြေဩဇာတန်ချိန် ၆ သိန်း ထောက်ပံ့ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

- **အထွေထွေသတင်းများ**

➢ ရုရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၂၃ ခုနှစ်တွင် ၃.၅ ရာခိုင်နှုန်းထက် ကျော်လွန်နိုင်ကြောင်း သမ္မတပူတင်ပြောကြား

➢ ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေ ၁၂၆.၉ ဘီလီယံသို့ ကျဆင်းခဲ့သော်လည်း အာရှနိုင်ငံများနှင့် ကုန်သွယ်မှုမှာ မြင့်တက်လျက်ရှိ

## ဗီယက်နမ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် ဆန်တင်ပို့မှု စံချိန်သစ်တင်

ဗီယက်နမ်နိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၏ အဆိုအရ ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၈.၃ သန်း တင်ပို့ခဲ့ပြီး ယနေ့အထိ အမြင့်ဆုံးဝင်ငွေ အမေရိကန်ဒေါ်လာ ၄.၇၈ ဘီလီယံ ရရှိခဲ့ကြောင်း သိရှိရပါသည်။ တန်ဖိုးအားဖြင့် တစ်နှစ်ထက်တစ်နှစ် ၃၈.၄ ရာခိုင်နှုန်း တိုးလာကြောင်း အစိုးရသတင်းဖော်ပြချက်အရသိရှိရပါသည်။

ပို့ကုန်ဈေးနှုန်း တစ်တန်လျှင် ၆၆၃ ဒေါ်လာ မြင့်မားလာမှုကြောင့် တိုးတက်မှုနှုန်း မြင့်မားလာခြင်းဖြစ်သည်ဟု ယူဆကြောင်း၊ စုစုပေါင်း စပါးအထွက်နှုန်းမှာ တန်ချိန် ၄၃.၅ သန်းရှိပြီး တစ်နှစ်ထက်တစ်နှစ် ၁.၉ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ ယခုနှစ်တွင် စုစုပေါင်း စိုက်ပျိုးဧရိယာ ဟက်တာ ၇.၁ သန်းရှိပြီး စိုက်ပျိုးရေးကဏ္ဍမှ စုစုပေါင်း စပါးအထွက်နှုန်း တန်ချိန် ၄၃.၅ သန်းအထိ ရည်မှန်းထားကြောင်း သိရှိရပါသည်။

၂၀၃၀ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှု ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာအောက်တွင် စိုက်ပျိုးရေးအာဏာပိုင်များမှ ဆန်အဓိကစိုက်ပျိုးသည့်ဒေသများကို ပြန်လည်ဖွဲ့စည်းရန်နှင့် ပို့ကုန်တန်ဖိုးပိုမို မြင့်မားလာစေရန်အတွက် အရည်အသွေးကောင်းသော စပါးများ ထုတ်လုပ်စိုက်ပျိုးရန် ညွှန်ကြားလျက်ရှိကြောင်း ဖော်ပြထားပါသည်။

ဗီယက်နမ်၏ ဆန်တင်ပို့မှု မဟာဗျူဟာသည် ၂၀၃၀ တွင် ပြည်တွင်းစားသုံးမှုနှင့် ပို့ကုန်နှစ်မျိုးလုံးအတွက် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်မှုကို မြှင့်တင်ရန် ရည်ရွယ်ပါသည်။ ၂၀၂၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ ဆန်တင်ပို့မှုအတွက် စံချိန်သစ်တင်နိုင်ခဲ့ပြီး နိုင်ငံ၏ ဆန်ထုတ်လုပ်တင်ပို့မှုလုပ်ငန်းကို မြှင့်တင်ခဲ့သည့်အတွက် အဆိုပါ မဟာဗျူဟာ၏ ထိရောက်မှုကို ပြသလျက်ရှိကြောင်း သုံးသပ်ရပါသည်။

Source : VN Economy

ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး

ဟန်နွိုင်းမြို့

..........................................................................................

## ကုန်သွယ်မှုဆိုင်ရာကုထုံးများသည် ပြည်တွင်း သကြားလုပ်ငန်းကဏ္ဍကို အကာအကွယ်ဖြစ်စေ

ပြည်တွင်း သကြားလုပ်ငန်း၏ တရားဝင်အကျိုးစီးပွားကိုကာကွယ်ရန် ကုန်သွယ်မှုကုထုံးများကို ထိရောက်စွာ အသုံးပြုခဲ့ကြောင်း ဗီယက်နမ်ကြံနှင့်သကြားအသင်း (VSSA) ဥက္ကဋ္ဌ ငုယင်ဗန်လော့ခ် က Vietnam Economic News သို့ပြောကြားခဲ့သည်။

မကြာသေးမီကာလအတွင်းက သကြားဈေးများ ဆက်တိုက်မြင့်တက်ခြင်းရှိခဲ့ပြီး ယခုနှစ်ကုန်အထိ ခန့်မှန်းအပြောင်းအလဲများကို မေးမြန်းချက်အပေါ် ဗီယက်နမ်ကြံနှင့်သကြားအသင်း ဥက္ကဋ္ဌက မကြာသေးမီကာလအတွင်း ကမ္ဘာတစ်ဝှမ်းတွင် သကြားဈေးနှုန်းများ မြင့်မားလာခြင်းသည် သာမန်ကိစ္စတစ်ခုဖြစ်ပြီး ဗီယက်နမ်သည် ခြွင်းချက်မဟုတ်ကြောင်း၊ VSSA ၏ အဆိုအရ ပြည်တွင်းသကြားဈေးသည် အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နှစ်ဆမမြင့်ပါကြောင်း၊ ဗီယက်နမ်နိုင်ငံစက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနက သကြားတင်သွင်းခွင့်ခွဲတမ်း တန်ချိန် ၁၀၇,၀၀၀ ကို ယခုနှစ်ကုန်အထိ ထပ်မံတင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း၊ ၎င်းသည် ဗီယက်နမ်ရှိ အစားအသောက်ပြုပြင်ရေးလုပ်ငန်းများအတွက် သကြားထောက်ပံ့မှု သိသိသာသာ တိုးလာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကြံဈေးသည် ၂၀၂၂-၂၀၂၃ တွင် ဆက်တိုက်မြင့်တက်ခဲ့ပြီး ယခုအခါ ဒေသတွင်းနိုင်ငံများ၏ ဈေးနှုန်းများနှင့်တူညီပြီး တစ်တန်လျှင် ဗီယက်နမ်ဒေါင် ၁.၁ မှ ၁.၃ သန်းအထိ ရောက်ရှိခဲ့သည်။ အဆိုပါဈေးနှုန်းများသည် တောင်သူလယ်သမားများအား အမြတ်အစွန်းဖြစ်ထွန်းစေပြီး စိုက်ပျိုးဧရိယာ ချဲ့ထွင်လာစေရန် အာမခံကြောင်း၊ ဗီယက်နမ် သကြားလုပ်ငန်းသည် ၂၀၂၁ ခုနှစ်ကတည်းက နိုင်ငံတော်မှ ကျင့်သုံးခဲ့သော ကုန်သွယ်မှုဆိုင်ရာ ကုထုံးများကြောင့် သိသိသာသာပြန်လည်ကောင်းမွန်လာခဲ့ကြောင်း ဖော်ပြထားပါသည်။

VSSA သည် တောင်သူလယ်သမားများအတွက် ကြံဈေးများ ထပ်မံတိုးမြှင့်ရန် သကြားလုပ်ငန်းများကို တောင်းဆိုထားကြောင်း၊ အချို့ကုမ္ပဏီများအနေဖြင့် ၂၀၂၃-၂၀၂၄ အတွက် ကြံဈေးနှုန်းများကို ၂၀၂၂-၂၀၂၃ နှင့် နှိုင်းယှဉ်ပါက လယ်သမားများအတွက် တူညီသော သို့မဟုတ် ဈေးကောင်းရပြီး အမြတ်အစွန်းရနိုင်စေရန် အာမခံကြောင်းသိရှိရပါသည်။

ပြည်တွင်းသကြားလုပ်ငန်းကို ကာကွယ်ရန် စက်မှုနှင့်ကုန်သွယ်မှုဝန်ကြီးဌာနမှ ကျင့်သုံးသည့် ကုန်သွယ်မှု ကုထုံးနှင့်ပတ်သက်၍ ထင်မြင်ချက်အပေါ် မေးမြန်းရာ စက်မှုနှင့် ကုန်သွယ်မှုဝန်ကြီးဌာနမှ ကျင့်သုံးသည့် ကုန်သွယ်မှုကုထုံးများ၏ ကောင်းမွန်သော အကျိုးသက် ရောက်မှုများကို VSSA မှ အထူးတန်ဖိုးထားပါကြောင်း၊ ပြည်တွင်းသကြားလုပ်ငန်းသည် သကြားနှင့် ကြံဈေးနှုန်းများ မြင့်တက်မှုနှင့် စိုက်ပျိုးဧရိယာ တိုးချဲ့ခြင်း အပါအဝင် ပြန်လည်ကောင်းမွန်လာမှု လက္ခဏာများ ပြသနိုင်ခဲ့ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်သကြားတင်သွင်းခွန်ခွဲတမ်းကိုလည်း ထိထိရောက်ရောက် အသုံးပြုခဲ့ကြောင်း၊ သို့သော်လည်း ထိုင်းနိုင်ငံမှ သကြားအများစုအား မှောင်ခိုတင်သွင်းမှုသည် ပြဿနာရှိနေဆဲဖြစ်သော်လည်း ထိုင်းနိုင်ငံတွင် သကြားဈေးမြင့်နေသောကြောင့် ဗီယက်နမ်သကြားအပေါ် ကြီးကြီးမားမား သက်ရောက်မှုမရှိကြောင်း၊ မှောင်ခိုသကြားများကို တိုက်ဖျက်ခြင်းသည် ပြည်တွင်း သကြားလုပ်ငန်းကို ရေရှည်ကာကွယ်ရန်အတွက် အရေးကြီးပါကြောင်း ဖော်ပြထားသည်။

Agribusiness & Trade

ပြည်တွင်းသကြားကုမ္ပဏီများအတွက် ကုန်သွယ်မှုကုထုံးများနှင့် ဈေးကွက်တွင် ၎င်းတို့၏ ရရှိသည့် အကျိုးကျေးဇူးများနှင့်ပတ်သက်မေးမြန်းရာ ဗီယက်နမ်သည် အာဆီယံတွင် ကြံအဓိက ထုတ်လုပ်သည့် ၄ နိုင်ငံ အနက်မှ တစ်နိုင်ငံဖြစ်ကြောင်း၊ ဗီယက်နမ်တွင် ကြံအထွက်နှုန်းသည် ဒေသ တွင်းရှိ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက အလွန်မြင့်မားကြောင်း၊ဗီယက်နမ်တွင် ကြံဈေးသည် မကြာ သေးမီက အဆက်မပြတ်မြင့်တက်ခဲ့ကြောင်း၊ သို့သော်လည်း ဗီယက်နမ်တွင် သကြားဈေးသည် အခြားကြံစိုက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အနိမ့်ဆုံးအဆင့်တွင်ရှိနေကြောင်း သိရှိရပါသည်။

သကြားထုတ်လုပ်သည့် စက်မှုလုပ်ငန်း ပြန်လည်ဦးမော့လာစေရန် လယ်သမားများနှင့် ၎င်းတို့၏ ချိတ်ဆက်မှုများကို အားကောင်းစေရန် VSSA မှ အကြံပြုထားကြောင်း၊ တစ်ချိန်တည်းမှာ ပင် သကြားကုမ္ပဏီများအနေဖြင့် ထုတ်လုပ်မှုကိုတိုးချဲ့သင့်ပြီး ကြံသကြားထုတ်လုပ်မှုတွင် နည်း ပညာအသစ်များကို အသုံးချသင့်ကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်မှုဝန်ကြီးဌာနသည် ထိုင်းနိုင်ငံမှ တင်သွင်းသော သကြားထွက်ကုန်အချို့အပေါ် Anti –Dumping Duty နှင့် Anti – Subsidy Duty အခွန်များကို ကျင့် သုံးဆောင်ရွက်လျက်ရှိသည်။ ထို့အပြင်ဝန်ကြီးဌာနသည် ကမ္ဘောဒီးယား၊ လာအို၊ မလေးရှားနှင့် မြန်မာနိုင်ငံတို့မှ တင်သွင်းသော သကြားထွက်ကုန်များအပေါ်တွင်လည်း ကုန်သွယ်မှုရှောင်လွှဲခြင်းမှ တားဆီးရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားပါသည်။

အဆိုပါနိုင်ငံများမှ တင်သွင်းသူများအတွက် ကုန်ကျစရိတ်များ မြင့်တက်လာနိုင်ဖွယ်ရှိပြီး သကြားဝယ်လိုအား လျော့ကျစေကာ ဗီယက်နမ်ဈေးကွက်များတွင် ပြည်တွင်းသကြား ထုတ်လုပ် သူများအကြား ပြိုင်ဆိုင်မှုမြင့်တက်လာစေမည်ဖြစ်သည်။ သွင်းကုန်နိုင်ငံများအပေါ် စီးပွားရေးသက်ရောက်မှု သည် ၎င်းတို့၏ သကြားလုပ်ငန်း အရွယ်အစားနှင့် ဗီယက်နမ်မှ တင်သွင်းမှုအပေါ် မှီခိုနေရသည့် အတိုင်းအတာတို့အပေါ်တွင် မူတည်မည်ဖြစ်ကြောင်း သုံးသပ်တင်ပြရပါသည်။

Source : Vietnam Economic News

ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး

ဟနွိုင်းမြို့

Agribusiness & Trade

## ၂၀၂၃ ခုနှစ်အတွင်း ဗီယက်နမ်၏ ကော်ဖီတင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၄.၂ ဘီလီယံနီးပါး ရောက်ရှိ

၂၀၂၃ ခုနှစ်အတွင်း ဗီယက်နမ်အနေဖြင့် ပြည်ပသို့ ကော်ဖီတန်ချိန် ၁.၆၁ သန်းတင်ပို့ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာ ၄.၁၈ ဘီလီယံရရှိပြီး ပမာဏအားဖြင့် ၉.၆ ရာခိုင်နှုန်း ကျဆင်းသွားသော်

လည်း တန်ဖိုးအနေဖြင့် တစ်နှစ်ထက်တစ်နှစ် ၃.၁ ရာခိုင်နှုန်း တိုးလာခဲ့ကြောင်း Vietnam plus အွန်လိုင်းသတင်းဖော်ပြချက်အရ သိရှိရပါသည်။

၂၀၂၃ ခုနှစ်တွင် ပျမ်းမျှကော်ဖီတင်ပို့မှု ဈေးနှုန်းသည် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၈၃၄ ရှိပြီး ယခင်နှစ်ထက် ၁၄.၁ ရာခိုင်နှုန်း တိုးလာကြောင်း၊ ဗီယက်နမ်၏ ကော်ဖီလုပ်ငန်းသည် Robusta ကော်ဖီဈေးနှုန်း မြင့်တက်မှုကြောင့် အကျိုးအမြတ်ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ သိုလှောင်မှု နည်းပါးခြင်းနှင့် ရောင်းချရာတွင် ကန့်သတ်ချက်များကြောင့် ကမ္ဘာ့ဈေးကွက်ရှိ Robusta ၏ ဈေးနှုန်းသည် ၂၀၂၃ ခုနှစ်ကုန်တွင် ၂၈ နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ခုနှစ်အတွင်း Robusta ကော်ဖီဈေးနှုန်းသည် ရောင်းလိုအားပြတ်လပ်မှုများကြောင့် ဈေးနှုန်း ဆက်လက်မြင့်တက်နေမည်ဟု ခန့်မှန်းရပါသည်။ ဗီယက်နမ်ကော်ဖီနှင့် ကိုကိုးအသင်း (Vicofa) ၏ အဆိုအရ ဗီယက်နမ်၏ ကော်ဖီထုတ်လုပ်မှုသည် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တန်ချိန် ၁.၆ မှ ၁.၇ သန်းအထိ ကျဆင်းသွားမည်ဖြစ်ပြီး ၂၀၂၂-၂၀၂၃ ခုနှစ်ထက် တန်ချိန် ၁.၇၈ သန်း လျော့နည်းကြောင်း ဖော်ပြထားသည်။

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံအနေဖြင့် ကော်ဖီလုပ်ငန်း၏ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်နှင့် ဥရောပသမဂ္ဂ သစ်တောပြုန်းတီးမှုဆိုင်ရာ စည်းမျဉ်းများကို အာရုံစိုက်ဆောင်ရွက်လျက်ရှိသည်။ ဗီယက်နမ်အနေဖြင့် အီးယူဈေးကွက်သို့ ဝင်ရောက်ရန်အတွက် အီးယူ၏ စည်းမျဉ်းလိုအပ်ချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ကိစ္စရပ်များကို အာရုံစိုက်ဆောင်ရွက်ခြင်းဖြင့် ကော်ဖီလုပ်ငန်း ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကော်ဖီအဓိက တင်ပို့သူအဖြစ် ဆက်လက်ထိန်းသိမ်းရန် ရည်ရွယ်ကြောင်း သုံးသပ်ရပါသည်။

Source : Vietnam +
ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး
ဟန္နိုင်းမြို့

## အိန္ဒိယတွင် အစိုးရမှ အီသနော ထုတ်လုပ်မှုကို မြှင့်တင်ဆောင်ရွက်လာသဖြင့် ပြောင်းဈေး 20% မြင့်တက်

အစိုးရ၏ဇီဝလောင်စာဆီထုတ်လုပ်ရာတွင် သကြားအသုံးပြုမှုကန့်သတ်ချက်များကြောင့် အီသနောထုတ်လုပ်မှုအတွက် ပြောင်းအား ဝယ်ယူရန်စီစဉ်ပြီးနောက် ဇန်နဝါရီလ၏ ပထမနှစ်ပတ်တွင် ပြောင်းဈေးသည် 20% မြင့်တက်ခဲ့ကြောင်း သိရသည်။

ကုန်သွယ်မှုခန့်မှန်းချက်အရ ဘီဟာပြည်နယ်တွင်ပြောင်းဈေး 100 ကီလိုဂရမ်လျှင် 2,366 ရူပီးသို့ မြင့်တက်ခဲ့ပြီး ဂူဂျာရတ်ပြည်နယ်တွင် ပြောင်းဈေး ၁၀၀ ကီလိုဂရမ်လျှင် 2,400 ရူပီး အထိမြင့်တက်ခဲ့ကြောင်း၊ ဝယ်လိုအား သိသိသာသာတက်သွားသည့်အတွက် လာမယ့်လများတွင် ဈေးနှုန်းများ အမြင့်တန်းတွင် ဆက်လက်ရှိနိုင်ကြောင်းနှင့် ကုန်စည်ပြတ်လပ်မှုများပင် ဆက်လက်ရှိနေနိုင်သည်ဟု ဘီဟာပြည်နယ်ရှိ ပြောင်းကုန်သည် Gopal Sharma မှ ပြောကြားခဲ့သည်။

အိန္ဒိယသည် ဈေးကွက်အတွင်း သကြားအလုံအလောက်ရှိစေရန်နှင့် အီသနောထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် သကြားအစားထိုး ပြောင်းကို အသုံးပြုမှုအား မြှင့်တင်လျက်ရှိသည်ကို တွေ့ရှိရပြီး၊ အောက်တိုဘာလတွင် စတင်ခဲ့သော 2023–24 ဈေးကွက်နှစ်တွင် နိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ကျဆင်းဖွယ်ရှိသောကြောင့် သကြားစက်များကို အီသနောထုတ်လုပ်ရာ၌ ကြံရည်ကို အသုံးမပြုရန် အစိုးရက ဒီဇင်ဘာလတွင် ညွှန်ကြားခဲ့ကြောင်း သိရှိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၏ တတိယမြောက် ကြိုတင်ခန့်မှန်းချက်တွင် ၂၀၂၂–၂၃ တွင် ပြောင်းတန်ချိန် ၃၅.၉၁ သန်း ထုတ်လုပ်မည်ဟု ခန့်မှန်းထားသော်လည်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရှင်များက ပြောင်းကို ပေါင်းခံခြင်းဖြင့် အီသနောများ စတင်ထုတ်လုပ်လာပါက ဝယ်လိုအားအတွက် အလုံအလောက်ရှိနိုင်မည်မဟုတ်ကြောင်း၊ ပြောင်းထွက်ရှိမှုသည် မိုးရာသီ၌ ရာသီဥတုအပြောင်းအလဲများနှင့် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် အချို့သောပြည်နယ်များတွင် ခန့်မှန်းထားသည်ထက် 25% မှ 27% ထိ လျော့နည်းခဲ့ကြောင်း ပြောကြားထားသည်။

အစိုးရက ပြည်နယ်အလိုက် ပြောင်းများဝယ်ယူရန် စီစဉ်နေသဖြင့် လယ်သမားများသည် ဆောင်းသီးနှံချိန်တွင် အခြားသီးနှံများအစား ပြောင်းကို တိုးမြှင့်စိုက်ပျိုးလာပြီး ဇန်နဝါရီလ ၁၂ ရက်အထိ စိုက်ဧက ၂၀.၅၁ သိန်း စိုက်ပျိုးထားကြောင်းနှင့် အစိုးရ၏ ထုတ်ပြန်ထားသည့် အချက်အလက်များအရ ပြီးခဲ့သည့်နှစ် ကာလတူစိုက်ပျိုးမှု ၁၉.၇၁ ဧကနှင့် နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်း တိုးတက်စိုက်ပျိုးထားကြောင်းနှင့် ပြောင်းကို အဓိကစိုက်ပျိုးသော ပြည်နယ်များမှာ ကာနတက၊ မဟာရက်ရှ်ထရာ၊ ဘီဟာ၊ တမီးလ်နဒူး၊ တယ်လန်ဂါနာ၊ မဒ္ဒရာပရာဒက်ရှ်၊ အင်ဒရာပရာဒေ့ရှ်ပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

အိန္ဒိယသည် အီသနော ထုတ်လုပ်မှု လိုအပ်ချက် တိုးလာသဖြင့် လာမည့်ငါးနှစ်အတွင်း ပြောင်းတန်ချိန် ၁၀ သန်း တိုးမြှင့်စိုက်ပျိုးထုတ်လုပ်နိုင်ရန်ရည်မှန်းထားကြောင်း၊ ထို့အပြင် ကြက်မွေးမြူရေးလုပ်ငန်းမှ အစားအစာအတွက် ဝယ်လိုအားမှာလည်း မြင့်မားလျက်ရှိကြောင်း သိရှိရပါသည်။

Agribusiness & Trade

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် အီသနောထုတ်လုပ်ရာတွင် ကြံ အစား ပြောင်းကို အစားထိုး အသုံးပြုနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: Maize prices surge 20% in India as government promotes ethanol production, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

## အိန္ဒိယနိုင်ငံသည် လာမည့်နှစ်တွင် အစားအစာနှင့် ဓာတ်မြေသြဇာထောက်ပံ့မှုအတွက် ရူပီး 4 ထရီလီယံ သုံးစွဲမည်

အိန္ဒိယသည် လာမည့်ဘဏ္ဍာရေးနှစ်တွင် အစားအစာနှင့် ဓာတ်မြေသြဇာထောက်ပံ့မှုအတွက် ရူပီး ၄ ထရီလီယံ (ဒေါ်လာ ၄၈ ဘီလီယံ) ခန့်လျာထားသည်ဟု အစိုးရသတင်းရင်းမြစ် နှစ်ခုက ပြောကြားထားကြောင်း The Economic Times သတင်းစာတွင် ဖော်ပြထားပါသည်။

မတ်လ ၃၁ ရက်တွင်ကုန်ဆုံးမည့်လက်ရှိဘဏ္ဍာရေးနှစ်တွင် အိန္ဒိယ၏စုစုပေါင်းဘတ်ဂျက် အသုံးစရိတ်၏ ကိုးပုံတစ်ပုံခန့်သည် အစားအစာနှင့် ဓာတ်မြေသြဇာ ထောက်ပံ့မှုဖြစ်ကြောင်း၊ စားသုံးသူရေးရာ၊ စားနပ်ရိက္ခာနှင့် အများပြည်သူ ဖြန့်ဖြူးရေးဝန်ကြီးဌာန၏ လာမည့်နှစ်အတွက် စားနပ်ရိက္ခာထောက်ပံ့မှုအတွက် ရူပီး ၂.၂ ထရီလီယံ (ဒေါ်လာ ၂၆.၅၂ ဘီလီယံ) လျာထားကြောင်း၊ ၎င်းသည် လက်ရှိ 2023-24 ဘဏ္ဍာနှစ်တွင် အစားအစာအတွက် ထောက်ပံ့မှု ရူပီး 2 ထရီလီယံခန့် (ဒေါ်လာ 24.11 ဘီလီယံ) ထက် 10% ပိုများကြောင်း အဆိုပါသတင်းရင်းမြစ်နှစ်ခုက ဆိုသည်။

ထို့အပြင် လာမည့်ဘဏ္ဍာရေးနှစ်အတွက် ဓာတ်မြေသြဇာထောက်ပံ့မှုအား ရူပီး ၁.၇၅ ထရီလီယံ (ဒေါ်လာ ၂၁.၁၀ ဘီလီယံ) မျှော်မှန်းထားပြီး လက်ရှိ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်တွင် ထောက်ပံ့သည့် ရူပီး ၂ ထရီလီယံနီးပါးထက် ကျဆင်းသွားကြောင်း သတင်းရင်းမြစ်တစ်ခုက ဆိုသည်။ ၂၀၂၄-၂၀၂၅ ဘတ်ဂျက်အတွက် လျာထားချက်များကို ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Nirmala Sitharraman က ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်းလည်း သိရသည်။

အစိုးရ၏ အစားအစာနှင့် ဓာတ်မြေသြဇာများအပေါ် ထောက်ပံ့ဆောင်ရွက်နေမှုများကို လက်ရှိအတိုင်းဆက်လက်ဆောင်ရွက်နေခြင်းသည် လအနည်းငယ်အတွင်း ရွေးကောက်ပွဲကျင်းပ ပြုလုပ်ရန်ရှိသည့်အစိုးရအတွက် ပုံမှန်မဟုတ်သော်လည်း ဝန်ကြီးချုပ်နာရင်ဒြာမိုဒီသည် လာမည့် ဧပြီလနှင့် မေလတွင် ကျင်းပမည့် တတိယအကြိမ် ရွေးကောက်ပွဲတွင် အနိုင်ရမည်ဟု ကြီးမားစွာမျှော်လင့်ထားကြောင်း သိရသည်။

မိုဒီအစိုးရသည် ၎င်း၏ အထင်ကရ စားနပ်ရိက္ခာအခမဲ့ထောက်ပံ့ပေးရေးအစီအစဉ် (Free Food Welfare Programme) ကို လာမည့်ငါးနှစ်အထိ သက်တမ်းတိုးထားသောကြောင့် အစားအစာထောက်ပံ့မှုကုန်ကျစရိတ်သည် လာမည့်နှစ်တွင် မြင့်တက်လာဖွယ်ရှိကြောင်း၊ အိန္ဒိယသည် ၎င်း၏ဒေါ်လာဘီလီယံပေါင်းများစွာတန်သော စားနပ်ရိက္ခာဖူလုံရေးအစီအစဉ်အရ ပြည်တွင်းတောင်သူ သန်းပေါင်းများစွာထံမှ ဆန်နှင့်ဂျုံတို့ကို နိုင်ငံ၏အနိမ့်ဆုံးသတ်မှတ်ဈေးနှုန်း သို့မဟုတ် အာမခံထားသောဈေးနှုန်းဖြင့်ဝယ်ယူကာ ယင်းအခြေခံစားသောက်ကုန်များကို အိန္ဒိယလူမျိုး သန်း 800 ထံ အခမဲ့ပေးဝေပေးလျှက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ရွေးကောက်ပွဲကျင်းပမည့်ကာလအတွင်း အစားအစာနှင့် ဓါတ်မြေဩဇာအတွက် အထောက်အပံ့များကို အစိုးရမှ ပိုမိုထောက်ပံ့ပေးလာနိုင်သည်ဟု သတင်းများထွက်ပေါ်နေမှုအခြေအနေအား သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: Budget 2024: India may allot Rs 4 Lakh crore for next year's food, fertilizer subsidies, The Economic Times.

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး
နယူးဒေလီမြို့

................................................................................................

## အိန္ဒိယနိုင်ငံ၏ သကြားထုတ်လုပ်မှုသည် ဇန်နဝါရီ ၁၅ ရက်အထိ ၅.၂၈ ရာခိုင်နှုန်း ကျဆင်း

အိန္ဒိယ၏ သကြားထုတ်လုပ်မှုသည် ၂၀၂၃-၂၄ နှစ် (အောက်တိုဘာလမှ နိုဝင် ဘာလ) တွင် ဇန်နဝါရီ ၁၅ ရက်အထိ ၅.၂၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်းနှင့် ယမန်နှစ်တွင် ထိပ်တန်းသကြားထုတ်လုပ်သည့်ပြည်နယ်ဖြစ်သည့် Maharashtra ရှိ သကြားထုတ်လုပ်မှုသည် 16% ကျဆင်းခဲ့သည်ဟု အိန္ဒိယသကြားစက်များအသင်း (India Sugar Mills Association – ISMA) မှ ပြောကြားခဲ့ကြောင်း သိရသည်။

ISMA ၏ အဆိုအရ အိန္ဒိယနိုင်ငံသည် ဇန်နဝါရီ ၁၅ ရက်အထိ သကြားတန်ချိန် ၁၄၉.၅၂ သိန်းထုတ်လုပ်ခဲ့ပြီး ယခင်နှစ် အလားတူကာလတွင် တန်ချိန် ၁၅၇.၈၇ သန်း ထုတ်လုပ်မှုထက် ကျဆင်းခဲ့ကြောင်း၊ Maharashtra ပြည်နယ်၏သကြားထုတ်လုပ်မှုသည် ယခင်နှစ်တွင်တန်ချိန် ၆၀.၂၆ သိန်းရှိခဲ့ရာမှ ယခုနှစ်တွင် 50.73 သိန်းကျော်သာထုတ်လုပ်ထားနိုင်ကြောင်း၊ သို့ရာတွင် Uttar Pradesh (UP) မှသကြားထုတ်လုပ်မှုသည် ယခင်နှစ်တွင်တန်ချိန် 40.65 သိန်း ကျော်သာ ထုတ်လုပ်နိုင်ခဲ့ရာမှ ယခုနှစ်တွင် တန်ချိန် ၄၅.၇၃ သိန်း အထိ ထုတ်လုပ်ထားနိုင်ပြီး 12.5% ပိုမိုထုတ်လုပ်ထားကြောင်း သိရသည်။

Maharashtra နှင့် Karnataka တို့တွင် မိုးခေါင်ရေရှားအခြေအနေများကြောင့် အိန္ဒိယနိုင်ငံ၏ ကြံအထွက်နှုန်းကျဆင်းသွားဖွယ်ရှိသောကြောင့် အိန္ဒိယအစိုးရသည် အီသနောအတွက် သကြားရည်နှင့် တင်လဲရည်သုံးစွဲမှုကို တားမြစ်ထားကြောင်း၊ အစီရင်ခံစာများအရ သကြားထုတ်လုပ်မှုသည် ယခင်နှစ်ထက်နည်းပါးနိုင်သော်လည်း ယခုအခါ သကြားထုတ်လုပ်မှုသည် အစောပိုင်းက မျှော်လင့်ထားသည်ထက် ပိုမိုမြင့်မားဖွယ်ရှိသည်ဟု ISMA မှ ပြောကြားထားကြောင်း၊ Uttar Pradesh၊ Maharashtra နှင့် Karnataka ကဲ့သို့သော ကြံစိုက်ပျိုးသည့် အဓိကပြည်နယ်များတွင် မကြာသေးမီကရာသီဥတုကောင်းမွန်ခဲ့ပြီး ၎င်းတို့၏ 2023-24 သကြားရာသီ သကြားထုတ်လုပ်မှု ခန့်မှန်းချက်တွင် 5 မှ 10 ရာခိုင်နှုန်းအထိ တိုးတက်ထုတ်လုပ်နိုင်မည်ဟု ISMA မှ မီဒီယာထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့ကြောင်းနှင့် သကြားထုတ်လုပ်မှု တိုးမြင့်လာမှု အပေါ်အခြေခံ၍ အီသနောထုတ်လုပ်မှုအတွက် နောက်ထပ်သကြားတန်ချိန် 10 သိန်း မှ 12 သိန်း သို့ ပြောင်းလဲခွင့်ပြုရန်နှင့် အီသနောဈေးနှုန်းကို တိုးမြှင့်ပေးရန် ISMA က အစိုးရအား တောင်းဆို ထားကြောင်းသည်။

အိန္ဒိယအစိုးရက မကြာသေးမီက ပြောင်းဖူးမှထုတ်လုပ်သော အီသနောအား မက်လုံးပေးကြေငြာခဲ့သော်လည်း ကြံသီးနှံသည် ရေ/အာဟာရ/မြေအသုံးချမှု သို့မဟုတ် ကာဗွန်စုဆောင်းမှုတွင် ပိုမိုထိရောက်သောကြောင့် ပြောင်းမှထုတ်လုပ်သည့် အီသနောနှင့် နှိုင်းယှဉ်ပါက အစိုးရ၏ ပံ့ပိုးကူညီမှုပိုမိုရရှိသင့်ကြောင်းနှင့် 2023-24 (နိုဝင်ဘာမှအောက်တိုဘာလ) အတွက် သကြားရည်နှင့် တင်လဲရည်တို့မှထုတ်လုပ်သည့် အီသနောဝယ်ယူရေးဆိုင်ရာဈေးနှုန်းများကို ပြန်လည်ပြင်ဆင်၍ ချက်ခြင်းထုတ်ပြန်ကြေညာသင့်ကြောင်း ISMA က ၎င်းတို့၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်အထိ သကြားထုတ်လုပ်မှုများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ကျဆင်းလျှက်ရှိသော်လည်း အိန္ဒိယ သကြားစက်များအသင်းက သကြားပိုမိုထွက်ရှိနိုင်မည်ဟုခန့်မှန်းလျှက်ရှိပြီး သကြားရည်နှင့် တင်လဲရည်တို့မှ ထုတ်လုပ်သည့် အီသနောအပေါ် အစိုးရကဝယ်ယူသည့် ဈေးနှုန်းများကို ပြန်လည်ပြင်ဆင်သတ်မှတ်ပေးရန် ဖိအားပေးဆောင်ရွက်နေမှုအခြေအနေများကို သိရှိနိုင်ပါရန် တင်ပြအပ်ပါသည်။

Source: India's year-on sugar production till January 15 lags by 5.28%, The Economic Times,

မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

………………………………………………………………………………………………

## ရုရှား Uralchem ကုမ္ပဏီအုပ်စုသည် တရုတ်နိုင်ငံသို့ ဓာတ်မြေဩဇာတန်ချိန် ၆ သိန်း ထောက်ပံ့ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရုရှား Uralchem ကုမ္ပဏီအုပ်စုနှင့် တရုတ်နိုင်ငံရှိ ဓာတ်မြေဩဇာတင်သွင်းသည့် ကုမ္ပဏီ Xinjiang Golden Pomegranate Agricultural Import and Export Co. LTD, တို့သည် လာမည့် သုံးနှစ်အတွင်း တရုတ်နိုင်ငံသို့ ဓာတ်မြေဩဇာတန်ချိန် ၆၀၀,၀၀၀ ထောက်ပံ့ရေးဆိုင်ရာ နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း Uralchem ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ နားလည်မှုစာချွန်လွှာတွင် မိုနိုအမိုနီယမ် ဖော့စဖိတ် ဓာတ်မြေဩဇာ (monoamm–onium phosphate – MAP) နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ(NPK) တို့ကို ၂၀၂၄ မှ ၂၀၂၆ ခုနှစ်အထိ တရုတ်နိုင်ငံသို့ ထောက်ပံ့ပေးရန် ရည်ရွယ်ချက်ကို ဖော်ပြထားသည်။ သုံးနှစ်အတွင်း စုစုပေါင်း ဓာတ်မြေဩဇာတန်ချိန် ၆၀၀,၀၀၀ အထိ ပေးပို့ရန်ဖြစ်ပြီး မီးရထားလမ်းဖြင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် Uralchem ကုမ္ပဏီအုပ်စုအတွက် မဟာဗျူဟာမြောက် မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ကုမ္ပဏီ၏ CEO Mr. Dmitry Konyaev က ပြောကြားခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုတိုးချဲ့ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

ရုရှားဓာတ်မြေဩဇာထုတ်လုပ်သူများသည် အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှု ကြားမှ ဖော်ရွေသောမိတ်ဆွေနိုင်ငံများ၏ဈေးကွက်သို့ ဓာတ်မြေဩဇာပိုမိုတိုးမြှင့်တင်ပို့ခဲ့ရာ ၂၀၂၂ ခုနှစ်တွင် အဆိုပါနိုင်ငံများသို့ ဓာတ်မြေဩဇာတင်ပို့မှုသည် ၇၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၃ ခုနှစ်တွင် ၇၅ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပါသည်။

Source : https://www.rbgmedia.ru/post.php?id=19240

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

## ရုရှားနိုင်ငံ၏ GDP တိုးတက်မှုသည် ၂၀၂၃ ခုနှစ်တွင် ၃.၅ ရာခိုင်နှုန်းထက် ကျော်လွန်နိုင်ကြောင်း သမ္မတပူတင်ပြောကြား

၂၀၂၃ ခုနှစ်အတွက် စာရင်းအချက်အလက်များ အဆင့်မြင့်တင်ပြီးနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး(GDP) တိုးတက်မှုသည် ၃.၅ ရာခိုင်နှုန်းကျော်လွန်နိုင်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဇန်နဝါရီလ ၁၇ ရက်က ၎င်း၏အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံမှုတွင် ပြောကြားခဲ့သည်။

သမ္မတပူတင်သည် ရုရှားဝန်ကြီးချုပ် Mr. Mikhail Mishustin နှင့် စီးပွားရေး အခြေအနေများ ဆွေးနွေးပြီးနောက် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ ဝန်ကြီးချုပ်၏ အဆိုအရ နိုင်ငံ၏ GDP တိုးတက်မှုနှုန်းသည် ၃.၅ ရာခိုင်နှုန်းရှိကြောင်း၊ စာရင်းအချက်အလက်များအား ဂရုတစိုက်တွက်ချက်မည်ဆိုလျှင် ယခုထက်ပိုမိုမြင့်လာနိုင်ကြောင်း သိရှိရသည်။

၎င်း GDP တိုးတက်မှုသည် စားသုံးသူများနှင့် ရင်းနှီးမြှုပ်နှံမှု ပြည်တွင်းဝယ်လိုအားအပေါ် အဓိကအခြေခံကြောင်း ပူတင်က ပြောကြားခဲ့သည်။ ထို့အပြင် စက်မှုကုန်ထုတ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် ကုန်စည်စီးဆင်းမှုများသည် ကောင်းမွန်သော စွမ်းဆောင်ရည်များကို ပြသလျက်ရှိကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

တစ်ချိန်တည်းတွင် သမ္မတသည် စိန်ခေါ်မှုအကြောင်းကို ထောက်ပြခဲ့ပြီး ၎င်းတို့အနက်မှ တစ်ခုမှာ ငွေကြေးဖောင်းပွမှုသည် ၇.၄ ရာခိုင်နှုန်းရှိကာ ရုရှားဘဏ်များ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ၎င်းပြဿနာကို ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ထားသည်။

ထို့အပြင် သမ္မတသည် ၂၀၂၃ ခုနှစ် ၁၀ လတာကာလအတွက် လုပ်ခ ၇.၇ ရာခိုင်နှုန်း တိုးမြင့်ခြင်းသည် ရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပြီး အဆိုပါညွှန်ကိန်းကိုလည်း ငွေကြေးဖောင်းပွမှုဖြစ်စဉ်များနှင့် နှိုင်းယှဉ်ကြည့်ရှုရန် တောင်းဆိုထားပါသည်။

Source : https://www.kommersant.ru/doc/6455134

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

……………………………………………………………………………

## ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေ ၁၂၆.၉ ဘီလီယံသို့ ကျဆင်းခဲ့သော်လည်း အာရှနိုင်ငံများနှင့် ကုန်သွယ်မှုမှာ မြင့်တက်လျက်ရှိ

၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ၁၁ လတာကာလအတွင်း ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပိုငွေသည် ၂၀၂၂ ခုနှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃၁၀.၁ ဘီလီယံမှ ၁၂၆.၉ ဘီလီယံသို့ ကျဆင်းသွားခဲ့ကြောင်း၊ သို့သော် အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏမှာ မြင့်တက်လျက်ရှိကြောင်း ရုရှားဖက်ဒရယ် အကောက်ခွန်ဝန်ဆောင်မှု (Federal Customs Service)မှ ထုတ်ပြန်ကြေညာထားပါသည်။

ဖော်ပြပါကာလအတွင်း ရုရှားပို့ကုန်မှာ အမေရိကန်ဒေါ်လာ ၅၃၈.၉ ဘီလီယံမှ ၃၈၅.၉ ဘီလီယံသို့ ကျဆင်းသွားခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၂၂၈ ဘီလီယံမှ ၂၅၉ ဘီလီယံအထိ မြင့်တက်ခဲ့သည်။

ရုရှားနိုင်ငံမှ အာရှနိုင်ငံများသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၅၇.၁ ဘီလီယံမှ ၂၇၆.၁ ဘီလီယံအထိ တိုးတက်ခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၁၂၈.၉ ဘီလီယံမှ ၁၆၉.၉ ဘီလီယံ

Agribusiness & Trade

အထိ မြင့်တက်ခဲ့သည်။ ဥရောပနိုင်ငံများသို့ တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၂၄၈.၃ ဘီလီယံမှ ၇၈.၄ ဘီလီယံသို့ ကျဆင်းသွားခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၈၀.၇ ဘီလီယံမှ ၇၁.၇ ဘီလီယံသို့ ကျဆင်းခဲ့သည်။

အာဖရိကနိုင်ငံများနှင့် ကုန်သွယ်မှုမှာလည်း တိုးမြင့်လာခဲ့သည်။ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၁၂.၉ ဘီလီယံမှ ၁၉.၈ ဘီလီယံအထိ တိုးလာပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၂.၈ ဘီလီယံမှ ၃ ဘီလီယံအထိ တိုးလာခဲ့သည်။ မြောက်နှင့် တောင်အမေရိကနိုင်ငံများသို့ ရုရှားတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၁၈.၈ ဘီလီယံမှ ၁၁.၄ ဘီလီယံသို့ ကျဆင်းခဲ့ပြီး သွင်းကုန်မှာ အမေရိကန်ဒေါ်လာ ၁၅.၂ ဘီလီယံမှ ၁၃.၇ ဘီလီယံသို့ ကျဆင်းခဲ့သည်။

ရုရှားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏအရ ဥရောပနိုင်ငံများနှင့် ကုန်သွယ်မှု ပမာဏသည် သိသိသာသာကျဆင်းသွားခဲ့ပြီး အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် မြင့်တက်လာခဲ့ကြောင်း တွေ့ရှိရသဖြင့် အနာဂတ်တွင်လည်း အာရှနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏသည် ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း သုံးသပ်ရပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ရုရှားနိုင်ငံနှင့် ကုန်သွယ်မှုအလားအလာကောင်းများရှိနေပါကြောင်း သုံးသပ်ရပါသည်။

Source : https://tass.ru/ekonomika/19741401

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကိုမြို့

.................................................................................................................

Agribusiness & Trade